## ဆင်လက်မောင်းကြီး (ခ) ဆင်နှာမောင်းကြီး (ခ) ဥရင်ကောက်ပင်

Scientific name - *Heliotropium indicum* L.

Common name - Indian heliotrope

Family - Boraginaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့ပင်ငယ်မျိုးဖြစ်ပြီး ထောင်မတ်လျက်ပေါက်သည်။ ပင်စည်သည် ကြမ်းတမ်း၍ အရည်ရွှမ်းပြီး သန်မာသောရေသောက်မြစ်ပါရှိသည်။ ကိုင်းဖြာထွက်ပြီး အမွေးနုများစွာပါရှိသည်။ အရွက်မှာ ရွက်လွှဲထွက်သည်။ အရွက်ပြန့်ကားပြီး အဖျားရှူးသွားသည်။ အရွက်တွင်အမွေးများပါပြီး မျက်နှာပြင်ဖောင်းကြွသည်။ အောက်မျက်နှာပြင်ရှိရွက်ကြောသည် ထင်ရှားပြီး အပေါ်မျက်နှာပြင်ရှိ ရွက်ကြောများ ချိုင့်ဝင်လျက်ရှိသည်။ ပန်းခိုင်သည် သေးသွယ်ရှည်လျားသောပန်းခိုင်ဖြစ်ပြီး ထိပ်ဖျားပိုင်းတွင် သေးငယ်၍ကွေးသွားသည်။ အဖြူရောင်ပန်းပွင့်လေးများသည် ပန်းခိုင်၏ ထိပ်ဘက်တွင် တစ်ဖက်တည်းစီတန်းပွင့်နေသည်။ အစေ့အားဖြင့် မျိုးပွားသည်။